# မည်သည့်အုတ်မြစ်များကို သင်တည်ဆောက်နေသနည်း။

## ခရစ်တော်သည် ကျွန်ုပ်တို့ တည်ဆောက်သော အုတ်မြစ်ကျောက်ဖြစ်သည်။

*"အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသော တိုက်မြစ်မှ တပါးအခြားသော တိုက်မြစ်ကို အဘယ်သူမျှ မချနိုင်"* ၁ကော ၃း၁၁

## ကျွန်တော်တို့ ဆက်လက်ရင့်ကျက်လာဖို့ လိုအပ်သော အခြေခံအယူဝါဒ ခြောက်ချက်

*"ထို့ကြောင့်၊ သေခြင်းနှင့်စပ်ဆိုင်သော အကျင့်ကို နောင်တရခြင်း၊ ဘုရားသခင်ကို ယုံကြည်ခြင်း၊ ဗတ္တိဇံတရားကို သွန်သင်ခြင်း၊ လက်ကိုတင်ခြင်း၊ သေလွန်သောသူတို့၏ ထမြောက်ခြင်း၊ ထာဝရစီရင်ဆုံးဖြတ်ခြင်း တည်းဟူသော မူလအမြစ်ကို ငါတို့ သည် ပြန်၍မတည်ဘဲ၊ ခရစ်တော်၏ ဘာသာ၌ အစအဦးဖြစ်သော အကြောင်းအရာတို့ကိုထား၍ စုံလင်သောအဖြစ်သို့ တက်ကြကုန်အံ့"*။

## ဟေဗြဲ ၆း၁-၂

**၁။ သေခြင်းနှင့် စပ်ဆိုင်သော အကျင့်ကို နောင်တရခြင်း-** စိတ်ပြောင်းလဲခြင်း၊ အပြစ်မှလှည့်ထွက်၍ ဘုရားသခင်ဆီသို့ လှည့်ခြင်းဖြစ်သည်။
*"အဘယ့်ကြောင့်နည်း ဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ"*။ ရောမ ၃း၂၃

ယေရှုက "နောင်တရကြလော့၊ ဧဝံဂေလိတရားကို ယုံကြည်ကြလော့"ဟု ပြောခဲ့သည်။ မာကု ၁း၁၅
ရှင်ပေါလုက "နောင်တရခြင်းနှင့် ထိုက်တန်သော အကျင့်ကို ကျင့်ရမည်"ဟု ပြောခဲ့သည်။ တမန် ၂၆း၂၀

## သင်သည် အပြစ်မှနောင်တရပြီး၊ ယေရှုကို သင်၏ ကယ်တင်ရှင်အဖြစ် လက်ခံပြီလား။

**၂။ ဘုရားသခင်ကို ယုံကြည်ခြင်း-** အပြစ်တရားမှ ပြန်လှည့်ပြီးနောက် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ဘုရားသခင်ထံ ထားရှိရသည်။
*"ယုံကြည်ခြင်း မရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင် အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင် ရှိတော်မူသည်ကို၎င်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကို၎င်း၊ ယုံကြည်ရမည်"*။ ဟေဗြဲ ၁၁း၆

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာခြင်းအားဖြင့် ယုံကြည်ခြင်းကို ကျွန်တော်တို့ရရှိသည်။ *"သို့ဖြစ်၍ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏၊ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏"*။ ရောမ ၁၀း၁၇

ယုံကြည်လက်ခံခြင်းအားဖြင့် ကျွန်တော်တို့သည် "ဒုတိယအကြိမ် မွေးဖွားခြင်း" ရရှိသည်။ *"ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏"* ယော ၁း၁၂

## ဘုရားသခင်ထဲ၌ သင်၏ ယုံကြည်ခြင်ကို ထားရှိပြီးလား၊ သင်ကြားခဲ့ရသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံပါသလား။

**၃။ ရေဗတ္တိဇံခံခြင်း** (ရေထဲ၌ နှစ်မြှုပ်ခြင်း)- ယေရှု၏သေခြင်း၊သင်္ဂြိုဟ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ သက်သေခံခြင်း။
*"ယေရှုခရစ်၌ ဗတ္တိဇံကိုခံသောသူ ရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံကြသည်ဟု သင်တို့ မသိသလော။ ထို့ကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း"* ရောမ ၆း၃-၄
ပေတရုသည် ရေဗတ္တိဇံအကြောင်းကို ဟောပြောခဲ့သည်-
*"ပေတရုကလည်း၊ သင်တို့၏အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကို ခံကြလော့။"* တမန် ၂း၃၈

ဟောကြားထားသော နှုတ်ကပတ်တော် ကြားနားသော သူတို့သည် ယုံကြည်၍ ဗတ္တိဇံခံယူကြသည်။ *"ဖိလိပ္ပုသည် ဘုရားသခင်၏ နိုင်ငံတော်နှင့်၎င်း၊ ယေရှုခရစ်၏ နာမတော်နှင့်၎င်း စပ်ဆိုင်သော ဧဝံဂေလိတရားကို ဟောပြော၍ ထိုသူတို့သည် ယုံကြည်သောအခါ၊ ယောက်ျားမိန်းမတို့သည် ဗတ္တိဇံကို ခံကြ၏"*။ တမန် ၈း၁၂

## သင်၏ အပြစ်ဟောင်းဘဝကို ဗတ္တိဇံခံခြင်းအားဖြင့် သင်သေဆုံးခဲ့ပြီလား။

**၄။ လက်ကိုတင်ခြင်း-** ယုံကြည်သူများအတွက် သန့်ရှင်းသော ဝိညာဉ်တော် ရရှိရန်။

ရှမာရိမြို့ရှိ ယုံကြည်သူများထံသို့ ယောဟန်နှင့်ပေတရု ရောက်လာသောအခါ *"ထိုသူတို့အပေါ်၌ လက်ကိုတင်သောအားဖြင့် သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံရကြ၏"*။ တမန် ၈း၁၇

ပေါလုသည် ဖေက်မြို့ရှိ တပည့်တော်တို့ထံ သွားသည့်အခါ သူသည် ဗတ္တိဇံပေးပြီးနောက် *"ပေါလုသည်လည်း၊ သူတို့အပေါ်၌ လက်ကိုတင်လျှင်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ဆင်းသက်တော်မူသဖြင့်၊ ထိုသူတို့သည် အမျိုးမျိုးသော ဘာသာစကားကိုပြော၍ ပရောဖက်ပြုကြ၏။"* တမန် ၁၉း၆

ဝိညာဉ်ဆုကျေးဇူး ရရှိသည်- *"ထိုသို့ဖြစ်၍၊ ငါလက်တင်သောအားဖြင့်၊ သင်၌ ဘုရားသခင် ပေးတော်မူသောဆုကို နှိုးဆော်မည်အကြောင်း၊ ငါသည် သင့်ကို သတိပေး၏"*။ ၂ တိ ၁း၆

**သန့်ရှင်းသော ဝိညာဉ်တော် ရရှိခြင်းသည်၊**
**နောင်တရခြင်း၊ ယုံကြည်ခြင်းနှင့် ဗတ္တိဇံခံခြင်းတို့က**
**လိုက်လာသည်။**

**သန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူခြင်းအားဖြင့် သင်သည် တန်ခိုးဖြင့် တန်ဆာဆင်ခြင်း ရရှိပါသလား။**

**၅။ သေလွန်သော သူတို့၏ ထမြောက်ခြင်း**

*"အကြောင်းမူကား၊ သေလွန်သော သူတို့သည် ထမြောက်ခြင်း မရှိလျှင်၊ ဘုရားသခင်သည် ခရစ်တော်ကို ထမြောက်စေတော်မမူ။ ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ သင်တို့သည် ယုံကြည်သော်လည်း အကျိုးမရှိ၊ ဒုစရိုက်အပြစ်အောက်၌ ရှိကြသေး၏"*။ ၁ကော ၁၅း၁၆-၁၇

အချက်သုံးချက်-

* ယေရှု၏ ရှင်ပြန်ထမြောက်ခြင်း- *"ယခုမူကား၊ ခရစ်တော်သည် သေခြင်းမှ ထမြောက်တော်မူ၍၊ အိပ်ပျော်သော သူတို့တွင် အဦးသီးသောအသီး ဖြစ်တော်မူပြီး"*။ ၁ကော ၁၅း၂၀
* ယေရှုကို ယုံကြည်သောသူတို့၏ ဝိညာဉ်ပိုင်းဆိုင်ရာ ရှင်ပြန်ထမြောက်ခြင်း- *"ထိုဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော သင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေ တော်မူပြီ"*။ ဖေက် ၂း၁နှင့် *"ခရစ်တော်သည် သေခြင်းမှ ထမြောက်သောအခါ သေခြင်းနှင့် အစဉ်ကင်းလွတ်တော မူ၏"*။ ရောမ ၆း၈
* လူတိုင်း၏ ရှင်ပြန်ထမြောက်ခြင်း- *"ဤအမှုအရာကို အံ့သြခြင်း မရှိကြနှင့်။ သင်္ချိုင်းများမှာ ရှိသောသူ အပေါင်းတို့သည် သားတော်၏ အသံကိုကြား၍၊ ထွက်ရမည့်အချိန်ကာလ ရောက်လတံ့။ ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့၎င်း၊ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာ ထမြောက်ခြင်းသို့၎င်း၊ ဆိုးယုတ်သော အကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာ ထမြောက်ခြင်းသို့၎င်း ထွက်ရကြလတံ့"*။ ယော ၅း၂၈-၂၉

**သူ့ကိုသိကျွမ်း၍၊ သူ၏ ရှင်ပြန်ထမြောက်ခြင်း၏ တန်ခိုးကို သင်သိပါသလား။ ဖိလိပ္ပိ ၃း၁၀-၁၁**

**၆။ ထာဝရတရားစီရင်ခြင်း-** ထာဝရဖြစ်ရပ်မှန်များကို နားလည်သဘောပေါက်ခြင်း၌ သိကျွမ်းခြင်းနှင့် လျှောက်လှမ်းခြင်း- ကောင်းကင်ဘုံ သို့မဟုတ် ငရဲ

*"သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။ မယုံကြည်သောသူမူကား၊ ဘုရားသခင်၌ တပါးတည်းသော သားတော်ကို မယုံကြည်သောကြောင့် ယခုပင် အပြစ်စီရင်ခြင်းကို ခံရ၏"*။ ယော ၃း၁၈

*"ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတံ့"*။ မာကု ၁၆း၁၆

*"ငါအမှန်အကန် ဆိုသည်ကား၊ ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းသောသူဖြစ်၏"*။ ယော ၅း၂၄

သေခြင်းအစား၊ အသက်ရှင်ခြင်းကို
သင်ရွေးချယ်ပြီးပြီးလား။

**ကျွန်ုပ်တို့၏ အုတ်မြစ်များ တည်ရှိလျှင်၊**
**ကျွန်ုပ်တို့သည် ရင့်ကျက်ခြင်းသို့**
**ဆက်သွားရန် အသင့်ရှိနေသည်**
**[စုံလင်ခြင်း]**

*"ဘုရားသခင် အခွင့်ပေးတော်မူလျှင်၊ ငါတို့သည် ထိုသို့ပြုကြမည်"*။ ဟေဗြဲ ၆း၃